# دُعاءِ انسؓ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِیْمِ

بِسْمِ اللّٰهِ عَلٰی نَفْسِیْ وَدِیْنِیْ بِسْمِ اللّٰهِ عَلٰی اَهْلِیْ
وَمَالِیْ وَوَلَدِیْ بِسْمِ اللّٰهِ عَلٰی مَا اَعْطَانِیَ اللّٰهُ رَبِّیْ
لَا اُشْرِکُ بِهٖ شَیْئًا اَللّٰهُ اَکْبَرُ اَللّٰهُ اَکْبَرُ وَاَعَزُّ
وَاَجَلُّ وَاَعْظَمُ مِمَّا اَخَافُ وَاَحْذَرُ عَزَّ
جَارُکَ وَجَلَّ ثَنَاءُکَ وَلَآ اِلٰهَ غَیْرُکَ
اَللّٰهُمَّ اِنِّیْ اَعُوْذُبِکَ مِنْ شَرِّ نَفْسِیْ وَمِنْ کُلِّ شَیْطَانٍ
مَّرِیْدٍ وَمِنْ شَرِّ کُلِّ جَبَّارٍ عَنِیْدٍ فَاِنْ تَوَلَّوْا
فَقُلْ حَسْبِیَ اللّٰهُ لَآ اِلٰهَ اِلَّا هُوَ عَلَیْهِ تَوَکَّلْتُ
وَهُوَ رَبُّ الْعَرْشِ الْعَظِیْمِ اِنَّ وَلِیِّیَ اللّٰهُ
الَّذِیْ نَزَّلَ الْکِتَابَ وَهُوَ یَتَوَلَّی الصّٰلِحِیْنَ

## တမန်တော်မြတ်က ဟာဇရသ် အနတ်စ် သခင်အား ချီးမြှင့်တော်မူသည့် သီးသန့်ဒုအာ

ဖော်ပြပါ ဒုအာမှာ တမန်တော်မြတ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)က မိမိအား ဆယ်နှစ်ဆယ်မိုး တိုင်တိုင် ခစ်ဒ်မသ် လုပ်ခဲ့သူဟာဇရသ် အနတ်စ် အစ်ဗ်နိ မာလစ်က် အား သူ့မိခင်၏ လျှောက်ထား ပန်ကြားချက်အရ ချီးမြှင့်တော်မူသည့် ဒုအာ ဖြစ်ပေသည်။ ထိုဒုအာသည် လောကီ လောကုတ္တရာ နှစ်ဌာန စလုံးတွင် အထူး အကျိုးပြုသည့် ဒုအာ ဖြစ်သည်။

အလ္လာဟ် အရှင်မြတ်သည် ကိုယ်တော်မြတ်၏ ထိုဒုအာကို အကြောင်းပြုတော်မူကာ၊ အဆိုပါသခင်၏ အသက်စည်းစိမ် အိုးအိမ် သားမယားတွင် ဗရကသ်များ အထူး ပေးသနားတော် မူခဲ့သည်။ ရရှိလိုက်သည့် ဗရကသ် တော်များမှာ ရေတွက်၍ပင် မရ လောက်အောင် များပြားလွန်းလှ ပေသည်။

ထိုဆွဟာဗီသည် အသက်တစ်ရာကျော် နေခဲ့ရကာ မိမိ၏ သက်တမ်းတွင် သားယောက်ျား (၇၃) ယောက်၊ သမီး မိန်းကလေး (၂၃)ယောက် ထွန်းကားခဲ့သည်၊ သူ၏ လယ်ယာဥယျာဉ် များသည် ပင် တစ်နှစ်လျှင် နှစ်ကြိမ် နှစ်ခါ သီးပွင့်ရပေသည်။ လောကီတွင် ထိုရွေ့ ထိုမျှ ဗရကသ် ဖြစ်ထွန်းလျှင် နောင်တမလွန် အရေးတွင် မည်ရွေ့မည်မျှ အကျိုး ဆဝါးဗ်ရမည်ကို ခန့်မှန်း၍ ရမည် မဟုတ်ပေ၊ အကျိုးထူး အကျိုးမြတ်များ အလွန်အမင်း ဖြစ်ထွန်းမည် ဟူ၍

သာ ဆိုနိုင်ပေသတည်းမည်။

ဟာဒီးစ် ပါရဂူများတွင် တစ်ဦးအဖြစ် ပါဝင်ခဲ့သူ ရှေခ်ဂျလာ လွဒ်ဒီးန် စုယူသွီ(ရဟ်မသွလ္လာဟိ အလိုင်းဟ်) က "မိမိ၏ ဂျမ် အွလ် ဂျဝါ မေ့အ် ကျမ်း" တွင် အစ်ဗ်နီ အစာကာစ်ရဲကျမ်းပါ အဘွရှိ ရှေခ် သခင်၏ ဆင့်ပြန်ချက်လာ အကြောင်းတစ်ခုကို ဤသို့ ကောက် နုတ် ရေးသားထားပေသည်။

တစ်နေ့တွင် ဟာဂျိဂျားဂျ် အစ်ဗ်နီ ယူစွဗ် စကဗီက မိမိထံ တာဝန် ထမ်းဆောင်နေသည့် အနုတ်စ် အစ်ဗ်နီ မာလစ်က် (ရသွေ့ယ်လ္လာဟု သအာလာ အန္နဟု) အား မျိုးမတူ အရောင်ကွဲသည့် မြင်းကောင်ရေ လေးရာပြသပြီး "သင် ဤသို့သော မြင်းများကို မြင်တွေ့ဖူးသလား၊ ဤမြင်းများ၊ ဤဥစ္စာပစ္စည်းများနှင့် ဤခြေ စည်းစိမ်များကို သင့် အလ္လာဟ် အရှင်မြတ်၏ နဗီထံတွင် တွေ့ခဲ့ သလား"ဟု မေးမြန်းတော့သည်။ သခင်ကလည်း မဆိုင်းမတွ ချက် ချင်းပင် "အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ ကျွန်ုပ် မြင်တွေ့ခဲ့ပြီး ဖြစ်သည်၊ ကျွန်ုပ်၏ နှစ်ဘဝသခင် ကျေးဇူးတော်ရှင် မြတ်နဗီ၏ ထံ တော်တွင် ဤမြင်းထူး မြင်းဆန်းများထက် လွန်မင်းစွာ သာပို ထူး မြတ်သည့် မြင်းများပင် ရှိခဲ့သည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ မြတ် နဗီက မိန့်မှတ်တော်မူခဲ့သည့် ဩဝါဒ တစ်တာစ်ရပ်ကို ပီပီပြင်ပြင် ပင် ကြားနာ ခဲ့ရသည်။

ကျွန်ုပ်၏ မြတ်နဗီက "မြင်းများကို ပိုင်ဆိုင်သူ အများအပြား

ရှိကြသည်၊ ထိုပိုင်ဆိုင်သူများသည် မိမိတို့၏ ရည်ရွယ်ချက်ကြောင့် သုံးမျိုးသုံးစား ကွဲပြားခြားနား နေကြသည်။

ပထမ တစ်မျိုးတွင် အကြင်သူတို့ ပါဝင်ကြသည်၊ ထိုသူတို့သည် မိမိတို့ ပိုင်ဆိုင်ထားရှိသော မြင်းများကို သာသနာ့ ကြီးပမ်းမှုတွင် သုံးစွဲရန်၊ အလ္လာဟ်အရှင်မြတ်၏ ရန်သူများနှင့် ဒီးန် သာသနာတော်၏ ရန်သူများကို နှိမ်နင်းရေးတွင် အသုံးချရန် ရည်စူး ထားကြသည်၊ ထိုသို့ဖြင့် ထိုသူတို့၏ အအံမာလ်များတွင် ထိုသို့သော မြင်းများ၏ အသွေး၊ အသား၊ အရိုး၊ အရေပြား များသာမက ထိုမြင်းများ၏ ဆီး၊ ချေး တို့ကိုပင် ချိန်တွယ် ပေးတော်မူခြင်း ခံရပေမည်။

ဒုတိယ တစ်မျိုးတွင် အကြင်သူတို့ ပါဝင်ကြသည်၊ ထိုသူတို့သည် မိမိတို့၏ လိုလားချက်များကို ဖြည့်ဆည်း ရယူရန်အတွက် ရည်စူးကာ၊ မြင်းများ ပိုင်ဆိုင်ထားရှိ ကြသည်။

တတိယ တစ်မျိုးတွင် အကြင်သူတို့ ပါဝင်ကြသည်၊ ထိုသူတို့သည် မိမိတို့၏ ထင်ပေါ် ကျော်ကြား ဂုဏ်သတင်း ပွားများရေး အတွက် ရည်စူးကာ၊ မြင်းများကို ပိုင်ဆိုင်ထားကြသူများ ဖြစ်သည်။ ထိုသူတို့သည် မိမိတို့၏မြင်းများကို မြင်တွေ့သူတိုင်းက သြဘာပေးကြစေရန်၊ ချီးမွမ်း ပြောဆိုကြစေရန်၊ ဂုဏ်ပြုဂုဏ်ပေး လေးစားခယကြစေရန်ကိုသာ မျှော်ကိုး မက်ထားကြသူများ ဖြစ်ကြသည်။ ထိုသို့သော သူများ၏ နောက်ဆုံးလားရာ စခန်းမှာ ဂျဟန္နမ် အပယ်

ငရဲသာလျှင် ဖြစ်ချေသည်”ဟု သတိပေးတော် မူခဲ့ကြောင်း ဆင့်ပြန် မိန့်ကြားပြီးနောက် ဆက်လက်၍ “အိုဟာဂျ်ဂျားဂျ် သင်၏ ဤမြင်းများ ပိုင်ဆိုင်ထားရှိမှုသည် ဤတတိယ တန်းစားတွင် ပါဝင်နေသည်” ဟု ကောက်ချက် ပေးတော်မူလိုက်ပေသည်။

ထိုကောက်ချက်ကို ကြားလျှင်ကြားခြင်း ဟာဂျ်ဂျားဂျ် သည် ဒေါသကြီးစွာထွက်ကာ “အို အနတ်စ်၊ သင်သည် မြတ်နဗီထံ ဆယ်နှစ်တိုင်တိုင် ခစ်ဒ်မသ် ပြုခဲ့ကြောင်းကို လည်းကောင်း၊ ဘုရင် အဗ်ဒွလ်မလစ်က် အစ်ဗ်နိုမရ် ဝါန်က ကျွန်ုပ်ထံ ပေးပို့ထားသော သဝဏ်လွှာတွင် အသင်နှင့်ပတ်သက်၍ မပါရှိခဲ့ပါက သင့်ကို ကျွန်ုပ် မည်သို့ ဆက်ဆံလိုက်မည်ကို သင်ကောင်းစွာ ခံစားလိုက်ရမည်ပင် ဖြစ်သည်” ဟု ကြိမ်းဝါးလိုက်ပေသည်။ သာဝကကြီး အနတ်စ်သခင်ကမူ အလွန်ပင် တည်ငြိမ်အေးဆေးစွာဖြင့် “အလ္လာဟ် အရှင်မြတ်၏ ကစမ်၊ သင် ကျွန်ုပ်အား မည်သို့သော အန္တရာယ်မျှ ပေးနိုင်မည်မဟုတ်ယုံသာမက၊ ကျွန်ုပ်အား သင် စူးစိုက်၍ပင် ကြည့်နိုင်မည်မဟုတ်ပါ၊ ကျွန်ုပ်အပေါ် မကောင်းသော ကြံစည်မှုကိုလည်း ပြုနိုင်မည် မဟုတ်ပါ၊ ကျွန်ုပ်သည် မြတ်နဗီထံမှ စာပိုဒ်တော် အချို့ကို သင်ယူကျက်မှတ်မိကာ ယင်းတို့ကို အမြဲအစဉ် ရွတ်ဖတ်ပြီး ထိုစာပိုဒ်တော်များ၏ ခိုလှုံမှုအောက်တွင် ရောက်ရှိနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ် မည်သူ့ကိုမျှ မကြောက်ရွံ့ မထိတ်လန့်ပါ၊ မည်သည့် ဘုရင်ကမျှ ကျွန်ုပ် အား ၎င်း၏ အရှိန်အဝါကို ပြနိုင်မည်

မဟုတ်ပါ၊ မည်သည့်ဘုရင်ကမျှ ကျွန်ုပ်အား ဖျက်ဆီးနိုင်စက် နှောင့်ယှက်နိုင်မည် မဟုတ်ပါ၊ ရှိင်တွာန် မိစ္ဆာကောင်များ သည်ပင် လျှင် ကျွန်ုပ်အား လွှမ်းမိုးနိုင်မည် မဟုတ်ပါ" ဟု ဖြေကြားလိုက်ရာ ရက်စက်ခက်ထန် ကြမ်းကြုတ်လှသည့် ဟဂျ်ဂျားဂျ်သည်ပင် ကြီး ကျယ်စွာ တုန်လှုပ်တွေဝေ သွားရတော့သည်။

ခဏအကြာတွင် ဟဂျ်ဂျားဂျ် သည်အလွန်ပင် နူးညံ့သိမ်မွေ့ အောက်ကျို့စွာဖြင့် "အိုအဗူဟမ်ဇဟ် (ဟဇရသ် အနတ်စ် ၏ ဂုဏ်ထူး ဝိသေသနာမည်) ကျွန်ုပ်အား ထိုစာပိုဒ်တော်များကို သင် ကြားပေးပါ"ဟု ပန်ကြားလာသဖြင့် ဟဇရသ် အနတ်စ်က "အလ္လာဟ် အရှင်မြတ်၏ ကစမ်၊ ကျွန်ုပ် သင့်အား မည်သည့် အခါတွင်မှ သင် ကြားပေးမည် မဟုတ်၊ သင်သည် ထိုစာပိုဒ်တော်များနှင့် ထိုက်တန် သူလည်း မဟုတ်" ဟုပြတ်ပြတ်ပင် ငြင်းဆိုလိုက်ပေသည်။

ထိုသာဝကကြီးသည် မိမိ၏ နောက်ဆုံးအချိန် ကျရောက်စဉ် မိမိအား သက်တမ်း တစ်လျှောက်လုံး ခစ်ဒ်မသ် လုပ်ခဲ့သည့် အဗားန် (ရဒွေ့ ယလ္လာဟု သအစလာ အန္နဟု) သည် မိမိ၏ ခေါင်းရင်းတွင် ရပ်ကာ ငိုယိုနေသည်ကို တွေ့မြင်ရသဖြင့် သာဝကကြီးက "အသင် မည်သည့် လိုအင်ဆန္ဒအတွက် ငိုယိုနေပါသနည်း"ဟု မေးမြန်း လိုက်ရာ ၎င်းက "ခက်ထန်သူ ဟဂျ်ဂျားဂျ် အား သင်ကြားပေးရန် သခင်ကြီး ငြင်းဆိုခဲ့သည့် စာပိုဒ်တော်များကို သင်ယူလိုလှပါသည်" ဟု ဖြေကြားလိုက်သည်။ သာဝကကြီးကလည်း မဆိုင်းမတွပင်

## ဒုအာအောကအ်ဗ်

သာဝကကြီးကအ်ဗ် အတ်ဗါးရ် သခင်မိန့်တော်မူသည်။ ကျွန်ုပ်နေ့စဉ်မပျက်မကွက် ဖတ်ရွတ်သောကျွဲ ကလိမတ် (စာပိုဒ်)တော်များမဖတ်ရွတ်ပါကယဟူဒီများသည် ကျွန်ုပ်အား မြည်းကောင်း အဖြစ်ပြုလုပ်ခဲ့မည်ဖြစ်သည်၊ ထိုစာပိုဒ်တော်များသည် အဘယ်နည်းဟုမေးလျှောက်ထားလေရာ ---သခင်က အောက်ပါစာပိုဒ်များကိုတင်ပြလေသည်။

နေ့စဉ်တစ်ခေါက် ဖတ်ရွတ်ပါကဂျာဒူ(ပြုစားခြင်း) မှလုံခြုံမှုရရှိမည်။

(မအာရိဖွလ်ကုရ်အာနီကျမ်း၊အတွဲ-၁ စာမျက်နှာ ၂၇၆)

---

## دُعَاءِ كعب

أَعُوذُ بِاللهِ الْعَظِيمِ الَّذِي لَيْسَ شَيْءٌ أَعْظَمَ

مِنْهُ وَبِكَلِمَاتِ اللهِ التَّامَّاتِ الَّتِي لَا يُجَاوِزُهُنَّ

بِرٌّ وَّلَا فَاجِرٌ وَّبِأَسْمَاءِ اللهِ الْحُسْنَى كُلِّهَا مَا

عَلِمْتُ مِنْهَا وَمَا لَمْ أَعْلَمْ مِنْ شَرِّ مَا خَلَقَ وَبَرَأَ وَذَرَأَ-